# ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၁။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမီးရထားအုပ်ချုပ်ရေးအဖွဲ့အက်ဥပဒေ၏ ပုဒ်မ ၂၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၂၆ အဖြစ်ထည့်သွင်းရမည်။

"၂၆။ ။(၁) အဖွဲ့သည်၊ နိုင်ငံတော်သမတ က ဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက် အဖွဲ့၏ငွေစာရင်းရှင်းတမ်းများကို၊ နိုင်ငံတော် သမတ ထံပေးပို့ရမည်။

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့်သက်ဆိုင်သောငွေစာရင်းများကို၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်း စစ်ချုပ်ကပြဋ္ဌာန်းသည့်၊ ငွေစာရင်းထားရှိပုံနည်းစနစ်နှင့်ပုံစံအတိုင်းထားရှိရမည်။

(၃) အဖွဲ့၏ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက် ခန့်ထားသောမှတ်ပုံဝင် စာရင်းစစ်များအား၊ နိုင်ငံတော်သမတ ၏သဘောတူညီချက်ဖြင့်၊ အဖွဲ့၏ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့်ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက် အဖွဲ့သည်၊ နိုင်ငံတော်သမတ ထံသို့ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာမိတ္တူတစောင်နှင့်တကွတင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့်အစီရင်ခံစာအသီးသီး၏မိတ္တူတစောင်စီကို၊ အဖွဲ့၏ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက်ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ၊ နိုင်ငံတော်စာရင်းစစ်ချုပ်ကဆောင်ရွက်ရမည့် မည်သည့်ကိစ္စကိုမဆို၊ နိုင်ငံတော် စာရင်းစစ်ချုပ်၏ ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်၊ ခွင့်ရထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့် ဖြစ်စေ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား၊ အာဏာလွှဲအပ်ခြင်းမပြုရ။"

အသိုး—၁၁ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၅၇၊ တရားရေးဝန်ကြီးဌာန၊ ၁၆-၁-၅၉—၂,၀၀၀—၂။